# စီးပွားရေးအမြင်

အဖေနှင့်သား (၂)ဆိုင်ပြိုင်၍ နာနတ်သီးများရောင်းကြရာ အဖေ၏ဆိုင်မှရောင်းဈေးသည် ပိုကြီးနေသောကြောင့် ...

"ခင်ဗျားသားဆိုင်က ဈေးသက်သာနေပါလား"

"သူက ကလေးပဲ။ စီးပွားရေးမလုပ်တတ်ဘဲဗျာ။ အလကားရောင်းကောင်းတာဂုဏ်ယူချင်တိုင်း မမြတ်ဘဲရောင်းနေတာ။ အရင်းနဲ့ရောင်းနေလို့ကတော့ လုပင်ပန်းတာပဲအဖတ်တင်မှာပေါ့။ ကျုပ်ကတော့ မလျှော့နိုင်ဘူး"

ထို့ကြောင့် ဝယ်သူတို့က သားဆိုင်မှပင်ဝယ်ကြသည်။ ဈေးသက်သာကြောင်းတဆင့်စကားပြောကာ သားဆိုင်မှာရောင်းကောင်းနေသည်။ မကြာခဏအိမ်မှပြန်သယ်ရသည်။ သို့ဖြင့် ညရောက်သောအခါ–

"ကဲ အဖေမပြောဘူးလား။ အဖေ့မှာစီးပွားရေးအမြင် ရှိပါတယ်လို့"

